## ၁၀။ ကြံပျပိုး

**Sugarcane Wooly Aphids : *Ceratovacuna lanigera* (Zehntner, 1897)**

**Hemiptera: Aphididae**

### ဖျက်ကောင်ပုံသဏ္ဍာန်များ



အကောင်ငယ်များသည် ဖြူဝါရောင်ရှိကြကာ အမှုန်အနည်းငယ်ပါသည်။ အကောင်ကြီးတွင် ပုံစံနှစ်မျိုးရှိသည်။ ပုံစံတစ်မျိုးမှာ သိသာစွာဖြူသည်။ နောက်တစ်မျိုးမှာ ဖယောင်းဂလင်း အနားများအတန်းလိုက်ရှိသည်။ အကောင်ကြီးများသည် လေးခါအရေခွံ လဲသည်။ အမများ သည် လိင်မဲ့မျိုးပွားကြသည်။

### ဖျက်ဆီးပုံလက္ခဏာများ





အရွက်၏ အောက်ဖက်မျက်နှာပြင်တွင် အဖြူရောင်အကောင်ငယ်များနှင့် အကောင်ကြီး များကို အရေအတွက် များစွာတွေ့ရသည်။အနားသားတစ်လျှောက်ထိပ်မှ အရွက်များ အဝါရောင်သန်းပြီး ခြောက်သွားသည်။ အရွက်များကြွတ်ဆတ်လာပြီး လုံးဝခြောက်သွား ကြသည်။ ပျားရည်ချိုအလွန်အကျွံထုတ်ပေးခြင်းကြောင့် ကြပ်ခိုးမှိုကို ဖြစ်စေသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | **– (** ၃–၄ **)** ရက် |
| ပိုးမမည်အဆင့် | **– (**၁၈–၂၇ **)** ရက် |
| အကောင်ကြီး အဆင့် | **– (**၉–၁၆ **)** ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

**စိုက်ပျိုးနည်းဖြင့် ကာကွယ်နှိမ်နင်းခြင်း**

(၁) အတွဲလိုက် အတန်းလိုက်စိုက်ပါ။

(၂)နိုက်ထရိုဂျင်မြေသြဇာအလွန်အကျွံသုံးခြင်းကိုရှောင်ပါ။အော်ဂဲနစ်မြေသြဇာများကိုသုံးပါ။

(၃)ဖျက်ဆီးခံထားရသောအပင် ထိပ်ဖျားများကို ဖယ်ရှားပါ။

(၄)ဖျက်ဆီးခံထားရသော ကြံများကို စိုက်ပျိုးရန် မသုံးသင့်ပါ။

**ဓါတုနည်းဖြင့်ကာကွယ်နှိမ်နင်းခြင်း**

ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေး တစ်မျိုးမျိုး ကိုဆေး အညွှန်း အတိုင်း ပက် ဖျန်း ပါ။ ပိုးသတ်ဆေးများကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ၍ စနစ်တကျ ခူးဆွတ်ပါ။

- ဒိုင်မီသိုရိတ်(Dimethoate)
- ကာဘိုဆာလဖန်(Carbosulfan)
- ဖစ်ပရိုနေး (Fipronil)
- အဆီတာမီပရစ် (Acetamiprid)
- ပိုင်မီထရိုဇင်း (Pymetrozine)